Special Advisory Council for
MYANMAR

## စစ်အစိုးရသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျားမ အခြေပြု အကြမ်းဖက်မှု တို့ကို ဆက်လက်အသုံးပြုကာ ပြည်သူများကို အကြမ်းဖက်မှုများပြုလုပ်နေပါသည်

၂၀၂၁ ခုနှစ် မေလ ၁၉ ရက်

စစ်အစိုးရအနေဖြင့် မြန်မာပြည်သူများအပေါ် အကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်နေစဉ်၊ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) သည် စစ်တပ်သည် ပြည်သူများအား အကြမ်းဖက်အပြစ်ပေးသည့်အနေဖြင့် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမ အခြေပြု အကြမ်းဖက် မှု တို့ကို နည်းဗျူဟာအဖြစ် ရက်စက်စွာဆက်လက်အသုံးပြုနေကြောင်းကို ထုတ်ဖော်ပြောကြားလိုက်ပါသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များတွင် စစ်တပ်အနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများ၊မိန်းကလေးငယ်များနှင့် လိင်စိတ်ကွဲပြားစွာ ခံယူထားသူများအား ဖမ်းဆီးချုပ်နှောင်ထားရာတွင် လိင်နှင့်ကျားမ အခြေပြု အကြမ်းဖက်မှုတို့ကို ပြုလုပ်ခဲ့သည်ဟုဆိုသော ဆိုးရွားသည့် စွပ်စွဲမှုများ ပေါ်ထွက်လာခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁ရက်နေ့ စစ်တပ်မှ အာဏာသိမ်းမှုကို ပြုလုပ်ချိန်မှစတင်ပြီး ယခုအချိန်အထိ စစ်တပ်၏ တပ်ဖွဲ့များသည် တိုင်းပြည်အနှံ့ လူပေါင်း ၅၀၀၀ ကျော်ကို ဥပဒေမဲ့ ထိန်းသိမ်းခဲ့ပြီးဖြစ်ပါသည်။

ထွက်ပေါ်လာသည့် သတင်းမှတ်တမ်းများတွင် မုဒိမ်းကျင့်မှုများ အပါအဝင် အခြားသော လိင်ပိုင်းဆိုင်ရာ အတင်းအကြပ်ပြုမှုများ၊ အကြမ်းဖက်မှုများ၊ ရိုက်နှက်မှုများနှင့် ကာယိအိန္ဒြေပျက်ပျားအောင် ပြုလုပ်မှုများ ပါဝင်ပါသည်။
ပြင်းထန်သော ကိစ္စရပ်များဖြစ်သည့် အမျိုးသမီးများနှင့် မိန်းမပျိုလေးများကို လိင်ပိုင်းဆိုင်ရာ နှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများနှင့် စော်ကားမှုများကို စစ်ကောင်စီ၏ စစ်သားများနှင့် ရဲများက လူအများရှေ့တွင်သော်လည်းကောင်း၊ ဆန္ဒပြနေစဉ်အတွင်းတွင်လည်းကောင်း (သို့မဟုတ်) ထိုအမျိုးသမီးများ၏ ပတ်ဝန်းကျင်ရပ်ရွာတွင်လည်းကောင်း ပြုလုပ်ခဲ့ကြသည်ဟု အဆိုပါ သတင်းမှတ်တမ်းများတွင်ဖော်ပြထားပါသည်။

**"စစ်တပ်သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ရည်ရွယ်ချက်ရှိရှိဖြင့် အသုံးပြုကာ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာအပြင်းအထန် ခံစားရအောင် ပြုလုပ်နေပါသည်"** ဟု SAC-M ၏ တည်ထောင်သူတစ်ဦးဖြစ်သူ ရန်ဟီလီမှပြောပါသည်။
**"သူတို့သည် အဆိုပါနည်းဗျူဟာကို မြန်မာနိုင်ငံ၏ တိုင်းရင်းသားများအပေါ်တွင် ဆယ်စုနှစ်များစွာကတည်းက တိုက်ပွဲလက်နက်အဖြစ် အသုံးပြုလာခဲ့ပြီးဖြစ်ပါသည်။ ယခုမှာတော့ မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့သူတွေဟာ မင်းအောင်လှိုင်၏ အကြမ်းဖက်စစ်တပ်ရဲ့သရုပ်အမှန်ကို မျက်မြင် ကိုယ်တွေ့ မြင်နေကြရပြီးဖြစ်ပါသည်။"**
ဟု သူမက ဆက်ပြောပါသည်။

၂၀၁၉ ခုနှစ်တွင် ကုလသမဂ္ဂ၏ လွတ်လပ်သောအပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေး မစ်ရှင် သည် တပ်မတော်၏စစ်သားများသည် စနစ်တကျနှင့် အလှည့်ကျ အနေဖြင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ ယောကျာ်းလေးများ၊ အမျိုးသားများနှင့် လိင်စိတ်ပြောင်းလဲလက်ခံထားသူများအပေါ် အဓမ္မပြုကျင့်မှု၊ အုပ်စုဖွဲ့ အဓမ္မပြုကျင့်မှုနှင့် အခြားသော အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အတင်းအကြပ် လုပ်ကိုင်စေမှုတို့ကို ကျူးလွန်ခဲ့ကြောင်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

SAC-M ၏ ပူးတွဲတည်ထောင်သူများဖြစ်သော Marzuki Darusman နှင့် Chris Sidoti တို့သည် အချက်အလက် ရှာဖွေရေးမစ်ရှင် (FFM) တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ကြပြီး၊ ၎င်းတို့အဖွဲ့သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့ရှိ ရာနှင့်ချီသော လိင်ပိုင်းဆိုင်ရာ

အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများကို အင်တာဗျူးပြုလုပ်ခဲ့ပါသည်။

အချက်အလက်ရှာဖွေရေးမစ်ရှင်သည် စစ်တပ်၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခဲ့မှုတို့မှာ ၎င်းတို့၏ ပြည်သူလူထုအား စနစ်တကျ အကြမ်းဖက်အပြစ်ပေးကာ၊ နှောင်ကျဉ်အောင် ရည်ရွယ်ချက်ရှိရှိပြုလုပ်သည့် နည်းဗျူဟာ၏ တစ်စိတ်တစ်ဒေသဖြစ်ခဲ့သည်ဟု ကောက်ချက်ချခဲ့ပါသည်။ မစ်ရှင်အနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့အား အဆိုပါ ကြီးမားသော ရာဇဝတ်မှုများအား ကျူးလွန်ခဲ့သူများကို တာဝန်ခံခိုင်းပြီး အပြစ်ပေးအရေးယူပေးရေးကို အရေးကြီး လုပ်ရမည့် ကိစ္စတစ်ခုအဖြစ် ပြုလုပ်ရန်တောင်းဆိုခဲ့ပါသည်။

ဧပြီလ ၂၉ရက်နေ့တွင် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ သည် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြုအကြမ်းဖက်ကျူးလွန်မှုတို့ကို လုံးဝသည်းမခံမည့် မူဝါဒကို ကျင့်သုံးဖော်ဆောင်မည်ဟု ကတိပေးပြောကြားခဲ့ပြီး၊ ၎င်းတို့အစိုးရအနေဖြင့် ကျူးလွန်ခံခဲ့ရသူများအတွက် တရားမျှတမှုဖော်ဆောင်ပေးနိုင်ရန်အတွက် စွပ်စွဲချက်များအားစစ်ဆေးကာ၊ ဖြစ်ရပ်များကို မှတ်တမ်းတင်မည့် သဘောထားရှိကြောင်းကို ထုတ်ဖော် ကြေညာခဲ့ပါသည်။

ဧပြီလ ၂၉ရက်နေ့တွင် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ သည် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြုအကြမ်းဖက်ကျူးလွန်မှုတို့ကို လုံးဝသည်းမခံမည့် မူဝါဒကို ကျင့်သုံးဖော်ဆောင်မည်ဟု ကတိပေးပြောကြားခဲ့ပြီး၊ ၎င်းတို့အစိုးရအနေဖြင့် ကျူးလွန်ခံခဲ့ရသူများအတွက် တရားမျှတမှုဖော်ဆောင်ပေးနိုင်ရန်အတွက် စွပ်စွဲချက်များအားစစ်ဆေးကာ၊ ဖြစ်ရပ်များကို မှတ်တမ်းတင်မည့် သဘောထားရှိကြောင်းကို ထုတ်ဖော် ကြေညာခဲ့ပါသည်။

မြန်မာပြည်သူတို့သည် စစ်အာဏာရှင်၏ ချုပ်ကိုင်မှုအောက်မှ ယခုအကြိမ်နှင့် နောင် အချိန်များအားလုံးအတွက် မိမိတို့ လွတ်မြောက်ရန် ၎င်းတို့ကိုယ်တိုင် တောင်းဆိုတိုက်ပွဲဝင်နေပါသည်။ စစ်တပ်၏ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုတို့ကို ကျူးလွန်ခံခဲ့ရသူများအား တရားမျှတမှု ရရှိရေးသည် အဆိုပါ တိုက်ပွဲအတွက် အလွန်အခရာကျပါသည်။